ချစ်နိုင် (စိတ်ပညာ)

# ရွှေဖိနှပ် ရှပ်တိုက်စီး



## နိဒါန်း

မိခင်ဒေါ်အေးသ ဖခင်ဦးမာတင်တို့က ချစ်နိုင်(စိတ်ပညာ)ကို မကွေးတိုင်း၊ ချောက်မြို့နယ်၊ ကြီးနီကျေးရွာ၌ ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၆ရက်ညတွင်း မေးဖွားသည်။

ကြီးနီအလယ်တန်းကျောင်း၊ ချောက်မြို့ အမှတ်(၁) အထက်တန်းကျောင်း၊ မန္တလေး ဝိဇ္ဇာ သိပ္ပံတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ယူခဲ့သည်။

ဝိဇ္ဇာဘွဲ့ (စိတ်ပညာအဓိက)ရပြီး ဗိုလ်သင်တန်းတက်ကာ တပ်မတော်(ကြည်း)တွင် ၂၇ နှစ် အရာရှိအဖြစ် စစ်မှုထမ်းသည်။ စစ်မှုထမ်းကောင်းတံဆိပ် ရခဲ့သည်။ တရုတ်၊ ဂျပန်၊ ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား နိုင်ငံများသို့ လေ့လာရေးရောက်ခဲ့သည်။

၁၉၈၄ ခုနှစ်မှစတင်၍ မဂ္ဂဇင်း၊ ဂျာနယ်များတွင် ဆောင်းပါးများ ရေးသားသည်။ "ချစ်လို့ ပြောတာမှတ်ပါ " စာအုပ်စာအုပ်မှစ၍ (၆၅)အုပ် ရှိပြီဖြစ်ပါသည်။

၁၉၉၆ ခုနှစ်အတွက် လူငယ်ဆိုင်ရာစာပေ အမျိုးသားစာပေဆုကို " ချစ်လို့ပြောတာမှတ်ပါ" စာအုပ်ဖြင့် ရရှိခဲ့သည်။

၁၉၉၇ ခုနှစ်မှစ၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွင် ညွှန်ကြားရေးမှူးချုပ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၂၀၀၀ ပြည့်နှစ်၊ လွတ်လပ်ရေးနေ့ တွင် စီမံထူးချွန်တံဆိပ်(ပထမဆင့်) ချီးမြှင့်ခြင်းခံရသည်။ စာကြည့်တိုက်များ

ထွန်းကားပြန့်ပွားရေး ကို ထက်သန်စွာ အားပေးလှုံ့ဆော်လျက်ရှိပါသည်။
ပြည်သူလူထု ဗဟုသုတအသိပညာ မြင့်မား မှု နိုင်ငံတော် တိုးတက်ကြီးပွားမည်ဟု ခံယူသည်။

**ချစ်နိုင် (စိတ်ပညာ)**

***

# စာရေးသူ၏ အမှာစာ

အသက်အရွယ် ခြောက်ဆယ်သို့ နီးလာသောအခါ ဖြတ်သန်းလာခဲ့ရသော အတွေ့အကြုံ နှင့် မိမိ၏ အတွေးအမြင်ကို ထုတ်ဖော်ဝေငှချင်နေသည်။ မိမိက ကံကောင်းသည်မှာ စာဖတ်ခြင်း၊ စာရေးခြင်းကို ဆယ်ကျော်သက်ကပင် ဝါသနာပါခဲ့သည်။ ထို့ကြောင့် ဂတ္ထု၊ ကဗျာ၊ အတ္ထုပ္ပတ္တိ၊ သမိုင်းမှတ်တမ်း၊ ခရီးသွားစာပေ စသည်များကို နှစ်သက်မက်မောစွာ ဖတ်ရှုခဲ့သည်။ ထိုအခါ ဖောက်သည်ချစရာ၊ ပြောပြချင်တာတွေလည်း ရှိလာခဲ့သည်။ သို့နှင့် စာရေးသည်၊ စာရေးသူ ဖြစ် လာသည်။ စာအုပ်ပေါင်း (၆၅)အုပ် ရေးသားခဲ့သော စာရေးဆရာတစ်ဦး ဖြစ်ခဲ့တော့သည်။ ပြောချင်သောဆန္ဒကို ပြောပြခွင့်ရခြင်းအတွက် စာဖတ်သူ၊ အားပေးခဲ့သူ အားလုံးကို ကျေးဇူးတင် ပါသည်။

အသက်ကြီးသူ ဖြစ်သော်လည်း စာဖတ်သူကိုမူ အသက်ငယ်ရွယ်သူတို့တွက် ဦးတည်ချက် ထားလျက် အသုံးကျ၊ အကျိုးပြုနိုင်ရန် ကြိုးစား၍ ရေးပါသည်။ မိမိမှာ အသက် ၂၀ ကျော် သမီး နှစ်ယောက်နှင့် အသက် ၂၀ ကျော်စ သားတစ်ယောက် ရှိသည်။ သူတို့ခေတ်သည် မိမိတို့ ဖြတ်သန်းခဲ့ရသော လွန်ခဲ့သည့် နှစ်ဆယ်ရာစုနှင့် အလွန်တရာ ကွာခြားကွဲပြားသွားလေပြီ။

နိုင်ငံတကာအခြေအနေလည်း ပြောင်းလဲနေသည်။ မြန်မာနိုင်ငံအခြေအနေသည်လည်း လျင်မြန်စွာ ပြောင်းလဲနေပြီ။ အတိတ်သည် တရိပ်ရိပ် ဝေးလွင့်ကာ မှေးမှိန်ကျန်ရစ်သည်။

အတိတ်သည် ကုန်ဆုံးခဲ့ပြီ။

သို့သော် အတိတ်မှ သင်ခန်းစာယူတတ်ပါက အဆိုပါ

အတွေ့အကြုံသည် တန်ဖိုးရှိသည်။ အသိအမြင် ကျယ်စေသည်။
လက်တွေ့ဘဝအတွက် အကျိုးပြုနိုင်ကောင်းပေသည်။ ဤစာအုပ် တွင် ၂၀၀၆
ခုနှစ်အတွင်း စာရေးသူ သွားရောက်ခဲ့သော ပြည်တွင်းခရီးသွားမှတ်တမ်း အချို့နှင့်၊
ဒို့ကျေးရွာ(တို့ကျေးရွာဂျာနယ်)၌ ခေါင်းကြီးအတွက် ရေးသားခဲ့သော စာအချို့ကို
စုစည်းဖော်ပြ ထားပါသည်။

နိုင်ငံရေး၊ စီးပွားရေး၊ စည်းရုံးရေး၊ အုပ်ချုပ်ရေး စသော အမြင်များဖြင့်
အနာဂတ်ကာလကို ပိုမိုတောက်ပ လင်းလက်အောင်
အကောင်အထည်ဖော်ကြရမည့် လူငယ် လူရွယ်များအတွက်
အထောက်အကူဖြစ်စေလိမ့်မည်ဟု ယုံကြည်ပါသည်။ တတ်နိုင်သမျှ ကြိုးစား၍
ဖတ်ချင်စဖွယ်၊ ဖတ်လို့ကောင်းအောင် ရေးသားထားပါသည်။

**လေးစားစွာဖြင့်**

**ချစ်နိုင်**

**(စိတ်ပညာ)**

***

(၁)

## ရွှေဖိနပ် ရှပ်တိုက်စီး

မြန်မာ့ဇာတ်သဘင် အဖွဲ့တစ်ဖွဲ့က အောင်မြင်ထင်ရှားသော ပြဇာတ်တစ်ပုဒ်မှာ “ ရွှေဖိနပ် ရှပ်တိုက်စီး ” ဟူ၍ ဖြစ်ပေသည်။ ထိုပြဇာတ်ကို မကြည့်ရဖူးသော်လည်း ရွှေဖိနပ်ကို ရှပ်တိုက်၍ စီးသည်ဆိုခြင်းမှာ တန်ဖိုးရှိသောအရာကို တန်ဖိုးထားရကောင်းမှန်းမသိဘဲ ပေါ့တန်သော သွားလာပြုမူမှုကြောင့် အလဟဿ ဖြုန်းတီးဆုံးရှုံးရတတ်ကြောင်း သတိပေးခြင်းအဓိပ္ပာယ် ဖြစ်ပါလိမ့်မည်။ အသိ ရှိစေလိုသည်။ သတိ ရှိစေလိုသည်။

ရွှေသည် တန်ဖိုးရှိသည်။ တန်ဖိုးသိစွာ အသုံးချရမည်။

ငွေသည် တန်ဖိုးရှိသည်။ မှန်ကန်စွာ အသုံးချရမည်။

ရေသည် တန်ဖိုးရှိသည်။

အချိန်သည် တန်ဖိုးရှိသည်။

အကျင့်သီလသည် တန်ဖိုးရှိသည်။ ပညာဗဟုသုတ စသည် စသည် . . .။

တန်ဖိုးရှိသောအရာများကို မိမိတို့သည် ကောင်းစွာ တန်ဖိုးထားတတ်ရမည်။ မိမိမှာ ရှိအောင် စုဆောင်းရမည်။ လေလွင့်ဆုံးရှုံးခြင်းမရှိအောင် သတိထားတတ်ရပါမည်။ အကျိုးရှိအောင် အသုံးချတတ်ရပါလိမ့်မည်။ မိမိတို့၏ ဘဝတန်ဖိုးများကို တိုးတက်အောင် လုပ်ဆောင်တတ်ရပါလိမ့် မည်။

ရေကို ခက်ခက်ခဲခဲ စုဆောင်းသိုမှီး နေကြရသော ဒေသတွင် ရေကို

ဒလဟော ဖွင့်ချထား ပြီး အလကားအချိုးနှီး စီးဆင်းဆုံးရှုံးသွားစေခြင်းများကို တားဆီးကာကွယ်ကြရမည်။ ရွှေဖိနပ်ကို ရုပ်တိုက်စီးသကဲ့သို့ မဖြုန်းတီးရ။ ကျွန်ုပ်တို့ဘဝကို မြှင့်တင် တည်ဆောက်ကြရပါမည်။ ငွေကြေး သည်လည်း အကျိုးရှိစွာ အသုံးချနိုင်ရန် ချွေတာ စုဆောင်းရပေမည်။ ငွေကြေးအသပြာသည် မိမိ၏ ကာယအား၊ ဉာဏအားဖြင့် ရင်းနှီးပြီး ရှာဖွေရလျှင် တန်ဖိုးနားလည်သည်။ လွယ်ကူစွာ ရရှိလျှင် တန်ဖိုးကို မှန်ကန်စွာ နားမလည်ပေ။ ငွေကြေးကို မိမိတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွား ရေး၊ ကိုသိုလ်ရေး စသည်တို့အတွက် စနစ်တကျ ခွဲဝေသုံးစွဲတတ်ရပါမည်။

အချိန်သည် ကုန်ဆုံးသွားပါက ပြန်လည်မရရှိနိုင်တော့သဖြင့် လွန်စွာမှ အဖိုးတန်ပေသည်။ ရရှိသမျှသော အချိန်ကာလကို လုံ့လဥဿဟဖြင့် တာဝန်ကျေအောင် လုပ်ဆောင်ပါမှ အချိန်ကို အကျိုးရှိစွာ အသုံးချရာရောက်လေသည်။ ကုသိုလ်၊ ပညာ၊ ဥစ္စာ၊ တစ်စုံတစ်ရာ တိုးပွားအောင် ကြိုးစားလုပ်ဆောင်ပါရဲ့လား။ တာဝန်ကို စေတနာပါပါ လုပ်ဆောင်ခဲ့လျှင် အချိန်ကို တန်ဖိုးထား တတ်ရာ ရောက်လေပြီ။ မခက်ခဲလှချေ။

အကျင့်သီလသည် တန်ဖိုးရှိကြောင်း အကျယ်တင်ပြနေရန် မလိုပေ။ လူတစ်ဦး၏ အဆင့် အတန်းနှင့် တန်ဖိုးသည် ချမ်းသာခြင်း ဆင်းရဲခြင်းတို့အပေါ်တွင် မူမတည်ပေ။ လူမျိုး၊ ဘာသာ၊ ကျားမအားဖြင့်လည်း အခြင်းအရာ ခွဲစရာမဟုတ်ပေ။ ကိုယ်ကျင့်သီလ ဖြူစင်ဖြောင့်မှန်သူများသည် မွန်မြတ်သည်။ တန်ဖိုးမြင့်ကြသည်။ ကိုယ်ကျင့်သီလ မရှိသူများသည် သူတစ်ပါး၏ ယုံကြည်ကိုးစား မှုနှင့် ချစ်ခင်လေးစားမှုကို မရနိုင်ကြသဖြင့် တန်ဖိုးနည်းကြသည်။ အဆင့်နိမ့်ကျသည်။

တန်ဖိုးမသိခြင်း၊ အသိတရားမရှိခြင်းနှင့် ပေါ့ဆပေါ့တန်ခြင်း၊ သတိတရားမရှိခြင်းတို့သည် မိမိ၏ ဘဝကို နိမ့်ကျစေတတ်သည်။ ပျက်စီးစေတတ်သည်။ ဆင်းရဲစေတတ်သည်။ အသိ ရှိရပါလိမ့် မည်။ သတိ

ရှိရပါလိမ့်မည်။ အသိနှင့်သတိ မယှဉ်လျှင် ရွှေဖိနပ် ရုပ်တိုက်စီးနေခြင်းနှင့် တူနေပေလိမ့်မည်။

**၈-၁၀-၂၀၀၆**

***

(၂)

# အိပ်မက်ခရီးကြမ်း

အိပ်မက်ခရီးကြမ်း

အိပ်မက်ခရီးကြမ်းဟုဆိုရမည်။ မထင်မှတ်သော ဘဝအတွေ့အကြုံ တစ်ရပ်ဖြစ်သည်။ ကျိုင်းတုံသို့သွားမည်ဟု ရည်ရွယ်သည်။ ပျက်သည်။ မန္တလေး (မတ္တရာ၊ တကောင်း ဘက်သို့ ခရီးဆက်မည် ကြံရွယ်ခဲ့သည်။) မထွက်ဖြစ်။ ဓနုဖြူမြို့နယ်အတွင်းရှိ ကျေးရွာများ သို့ ဆင်းလိုက်မည်ဟု စီစဉ်ခဲ့သည်။ မသွားနိုင်။

တိုက်ဆိုင်ချင်တော့ တစ်ကြိမ်တစ်ခါမှ မတွေ့ဘူးခဲ့သော မျက်နှာစိမ်းလူတစ်ဦးက မိမိထံသို့ ရောက်လာပြီး ဖျာပုံမြို့နယ်၊ မြင်းကကုန်းကျေးရွာမှာ ဆောက်လုပ်ထားသည့် သိန်း ၁၀၀ ကျော် တန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲသို့ အလှူရှင်ကျေနပ်အောင် တက်ရောက် အားပေးလိုက်စမ်းပါဟု တိုက်တွန်းသော စကားတစ်ခွန်းကြောင့် ဆိုက်ဆိုက်မြိုက်မြိုက်ရောက် အောင် သွားခဲ့လိုက်တော့သည်။ ထိုပုဂ္ဂိုလ်က မြဝတီစာပေတိုက်မှာ နှစ်ပေါင်း နှစ်ဆယ်ကျော် ဖြန့်ချိရေးမှူးတာဝန် ထမ်းခဲ့ဖူးသူ ဦးတိုက်စိန်ဆိုသူဖြစ်၏ ။ မြဝတီစာပေတိုက် စတင်ထူထောင်စဉ် ကပင် ပါဝင်ခဲ့သော ဝန်ထမ်းဟောင်းတစ်ဦးဖြစ်ပြီး ဗိုလ်မှူးကြီး ခင်မောင်အေး(အငြိမ်းစား) စတည်း မှူးချုပ် လက်ထက်လောက်က အငြိမ်းစားယူခဲ့သူဖြစ်၏ ။ အသက် ၇၆နှစ်အရွယ်ရှိနေပြီ။ မြဝတီ စာပေတိုက်တွင် ၁၉၉၅ မှ ၁၉၉၇ အထိကာလ၊ မိမိ စာတည်းမှူးချုပ် လုပ်ရချိန်တွင် သူတို့သည် မရှိတော့ပါ။ သို့ရာတွင်, မဆုံမကြုံလိုက်ရသော်လည်း စာပေတိုက် ဝန်ထမ်းဟောင်းချင်း, တစ်

ယောက်အပေါ်တစ်ယောက်, ရဲဘော်ရဲဘက် သံယောဇဉ်တော့ရှိသည်။ ဦးတိုက်စိန်က သူ၏ နှမ ဖြစ်သူ မြို့နယ်ဆရာဝန်ကြီး အပျိုကြီးနှင့်အတူ မုံရွာ၊ ရွှေဘိုဘက်ရှိ ရေဦးမြို့မှာ နေသူဖြစ်၏ ။ ရေဦး မှ ရန်ကုန်သို့ ရောက်လာစဉ်၌ တိုက်တိုက်ဆိုင်ဆိုင် မိမိထံလာတွေ့ပြီး လှိုက်လှဲစွာ ကြားလူအနေ နှင့် ဖိတ်ကြားတိုက်တွန်းခဲ့ခြင်း ဖြစ်၏ ။ ရန်ကုန်နှင့် နေပြည်တော် လူးလာခေါက်တုံ လွန်းပျံသွား လာနေရသော မိမိကို တွေ့ဖြစ်အောင် လာတွေ့သူဖြစ်သဖြင့် သူ့စေတနာကို အလေးထားအပ် သည်။ ယခင်က မြင်းကကုန်းရွာ၊ သံလိုက်ရွာများကို ရောက်ဖို့ မဆိုထားဘိ။ အမည်ကိုပင် အမှတ် ထင်ထင် မကြားမိခဲ့ဘူးပေ။ မိမိက မြေလတ်သားဖြစ်သဖြင့် မြစ်ဂကျွန်းပေါ်ဗဟုသုတ နည်း၏ ။

***

ဖျာပုံသို့

ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဒေါ်ယဉ်ဆွေဝင်းက သူတို့ ခရိုင်အတွင်းရှိ ကျေးရွာအချို့မှာ အလှူရှင်ဒေသခံများက စိတ်အားထက်သန်စွာ ဆောက်လုပ်လှူ ဒါန်းသော ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ကြီးများ၊ သပ်ယပ်ခန့်ညားစွာဖြင့် သိန်း (၆၀) ကျော်၊ သိန်း (၁၀၀) အကုန်အကျခံပြီး ဆောက်လုပ်ထားကြသဖြင့် လာရောက်ကြည့်ရှုအားပေးပါ ဟု ခေါ်နေသည်မှာ အတော်ကြာခဲ့ပြီ။ အခြားတာဝန်များဖြင့် မအားလပ်သောကြောင့် မရောက်နိုင်။ ယခုတော့ ရန်ကုန်မှ နေပြည်တော်သို့ မသွားမီ ၂၀၀၆ ခုနှစ်ထဲမှာ နှစ်မကုန်မီ မရောက် ရောက် အောင်သွားမည်ဟု စီစဉ်သည်။ ဤခရီးသည် မမျှော်လင့်ဘဲ အထမြောက်သွားလေတော့သည်။ ဤခရီးမှာ အိပ်မက်ဆန်သည်။

ဒီဇင်ဘာလ ၃၁ ရက်၊ တနင်္ဂနွေမှာ ကနိရွာ၊ သမစိတ္တစာကြည့်တိုက်ဖွင့်ပွဲ နံနက်ခင်း တက် ရောက်မည်။

ထိုနေ့ နေ့လည်ပိုင်း၌ အောက်ကမ်းပါးရွာ၊ ရောင်ခြည်ဦးစာကြည့်တိုက်ဖွင့်ပွဲ တက်ရောက် မည်။ ထို့နောက် သမိန်ထောရွာနှင့် ဖျာပုံတို့ကိုပြန်ကာ ဖျာပုံမှတစ်ဆင့် ဘိုကလေးမြို့နယ်၊ မြင်း ကကုန်းကျေးရွာသို့ သွားရောက် ညအိပ်မည်။

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်၊ တနင်္လာနေ့ နံနက်မှာ မြင်းကကုန်းကျေးရွာရှိ ပညာအလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို တက်ရောက်အားပေးမည်။ နေ့ လည် ဖျာပုံ၊ ဒေးဒရဲ၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေးမှတစ်ဆင့် ရန်ကုန်သို့ ပြန်လာပြီး မိုင် ၂၀၀ ကျော်၊ ၂ ရက်ခရီး တစ်ညအိပ် ထွက်ခွာကြပါသည်။

***

နှစ်ဟောင်းနိဂုံး

ဒီဇင်ဘာလအတွင်း ခရီးသွားခဲ့ခြင်းကို ပြန်ပြီး စာရင်းလုပ်ကြည့်သောအခါ မြို့ရွာအတော် များများ ရောက်ရှိခဲ့ကြောင်း သတိပြုမိပါသည်။

၁။ ဒီဇင်ဘာလ ၂ ရက်၊ ၃ရက်။ မော်ဘီ၊ တိုက်ကြီး၊ ဥက္ကံ၊ သုံးဆယ်၊ သာယာဝတီ ၊ လက်ပံတန်း၊ မင်းလှ၊ အုတ်ဖို၊ ရွှေတောင်မှာ ညအိပ်။ စာပေဟောပြောပွဲ။ ပြည်၊ ပေါင်းတည်၊ နတ်တလင်း၊ ဇီးကုန်း။ ၁၂ ရုံးကို ထိတွေ့အားပေး၊ ကြည့်ရှုစစ်ဆေးနိုင်ခဲ့သည်။ ဆရာဒေါက်တာခင်မောင်ညို၊ ဆရာကောင်းသန့် တို့လည်း အတူဟောပြောရန် လိုက်ပါခဲ့သည်။

***

၂။ ဒီဇင်ဘာလ ၁၈ရက် မှ ၂၀ ရက်အထိ။ ရန်ကုန်မှ စစ်တွေသို့ လေကြောင်းခရီးဖြင့် သွားရောက်ပြီး စစ်တွေနှင့် ပုဏ္ဏားကျွန်းမြို့နယ်အတွင်းမှ အောင်မင်္ဂလာ၊ ပါဒလိတ်၊ ကျောက်ဆိပ်စသော ကျေးရွာများမှ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို လေ့လာအားပေးခဲ့ပါသည်။

***

၃။ ဒီဇင်ဘာလ ၂၂ရက်မှ ၂၃ရက်အထိ။ မန္တလေးသို့ လေကြောင်းခရီးဖြင့် နေပြည်တော်မှတစ်ဆင့်သွားရောက်ကာ ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးအနီးစခန်းကျေးရွာများသို့ ထိတွေ့စစ်ဆေးသည်။ ဝန်ထမ်းတက္ကသိုလ်သို့ သင်တန်းပို့ချရင်း သွားခဲ့ခြင်းဖြစ်ပါသည်။

***

၄။ ဒီဇင်ဘာလ ၂၅ရက်။ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ပင်လယ်ကမ်းခြေရှိ မီးပြရွာ ကျေးရွာစာကြည့်တိုက်ကို စစ်ဆေးပြီး ဆရာချစ်စံဝင်း၊ ဆရာညွန့်ဟံ(ကြူတော)တို့နှင့်အတူ စာဆိုတော်နေ့ စာပေဟောပြောပွဲပြုလုပ်ခဲ့ကြသည်။ နေ့ချင်းပြန်ခရီး ဖြစ်ပါသည်။

***

၅။ ဒီဇင်ဘာလ ၃၀ရက်နှင့် ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁ရက်။ ဖျာပုံခရိုင်အတွင်းရှိကနိရွာ၊ အောက်ကမ်းပါးရွာနှင့် မြင်းကကုန်းရွာများအထိ ခြေဆန့်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

***

မြေကြောကို ရှုခဲ့ပြီ

လွန်ခဲ့သော ၁၀နှစ်ကဆိုလျှင် အသွားအပြန် ၇ရက်ခန့်ကြာမည့် ခရီးသည် မြစ်ကူးတံတား ကြီးများ တည်ဆောက်ကာ ကားလမ်းတွေ ဖောက်လုပ်ထားသဖြင့် ယနေ့အချိန်အခါ၌ အသွားတစ် ရက် အပြန်တစ်ရက်နှင့် လျင်မြန်သွက်လက်စွာ သွားလာနိုင်ခဲ့ပြီ။ မြစ်ကြောင်းရေလမ်းကိုသာ အဓိကအားထားခဲ့ရသော မြစ်ဝကျွန်းပေါ်ဒေသ၊ လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၃ဝ ကျော် လက်နက် ကိုင်သောင်းကျန်းသူများ အမြစ်တွယ်ကာရှိနေခဲ့သော ဧရာဝတီတိုင်းသည် ယခုအခါတွင်မူ တရား ဥပဒေ စိုးမိုးမှုနှင့် ရပ်ရွာအေးချမ်းသာယာရေး အပြည့်အဝ ရှိနေကာ စီးပွားရေးများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက် ရှိပေပြီ။

အဘယ်ကြောင့် အရှိန်အဟုန်ကောင်းရသည်။

၁။ လှိုင်မြစ်ကူး ဘုရင့်နောင်တံတား

၂။ ဧရာဝတီမြစ်ကူး ဗိုလ်မြတ်ထွန်းတံတား

(မကူးခဲ့ရ)

၃။ ဧရာဝတီမြစ်ကူး မအူပင်တံတား

၄။ သာယာဝဲချောင်းကူး ကျိုက်လတ်တံတား

၅။ ဂုံညင်းတန်းမြစ်ကူး ဂုံညင်းတန်းတံတား

၆။ ဧရာဝတီမြစ်ကူး ဖျာပုံတံတား

၇။ တိုးမြစ်ကူး ဒေးဒရဲတံတား

၈။ ကံဘဲ့ချောင်းကူး ကော့မှူးတံတား

၉။ တွံတေးမြောင်းကူး တွံတေးတံတား

၁၀။ ပန်းလှိုင်မြစ်ကူး ပန်းလှိုင်တံတား

***

ချမ်းသာချင်လျှင် လမ်းဖောက်ပါ

ဧရာဝတီတိုင်းအတွင်း ရေအလောင်းတံတား၊ ဝါးခယ်မတံတား၊ မြောင်းမြတံတား၊ ကန်ကြီး ထောင့်တံတား၊ ကျောင်းကုန်းတံတား၊ ဒါးကတံတား အစရှိသော မြစ်ကူးတံတားကြီးပေါင်း မြောက် မြားစွာကို တပ်မတော်အစိုးရက စေတနာထက်သန်စွာ စီမံချက်ချကာ ဆောက်လုပ်ခဲ့ပြီးသဖြင့် လမ်းပန်းဆက်သွယ်ရေးသည် အိပ်မက်ပမာ ထူးခြားလွယ်ကူကောင်းမွန်လာခဲ့သည်။ ချမ်းသာချင် လျှင် လမ်းဖောက်ပါဟူသော တရုတ် ရှေးရိုးရာဆိုရိုးစကားအတိုင်း လမ်းတွေဖောက်သဖြင့် ချမ်း သာလာပေပြီ။ တိုင်းတစ်ခုလုံး လုံခြုံအေးချမ်းအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ပြည်သူ့စစ်များ၏ အောင်ပွဲဖြစ်သည်။ တည်ဆောက်ရေးများကို အခြေခံကျကျ နည်းမှန်လမ်းမှန် စီမံနိုင်ခဲ့သည်။ ပြည်သူများ တက်ကြွစွာ ပါဝင်သည်။

ရိုးသား ကြိုးစား နိုးကြားသော ဧရာဝတီတိုင်းသားတို့သည် မြန်မာပြည်၏ စပါးကျီအဖြစ် ရပ်တည်ခဲ့ရုံမျှသာမက ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံများ၊ ငါးပုစွန်များ၊ ကြံ၊ ဂုန်လျှော် စသည့်ထွက် ကုန်များကို ရှေးကာလထက် အရေအတွက်ကော အရည်အသွေးပါ တိုးတက်ထုတ်လုပ် ဖြန့်ဝေ နိုင်ပေပြီ။ ကိန်းဂဏန်းများဖြင့် သက်သေသာဓကနှင့်အတူ ဖော်ပြနေစရာ မလိုပြီ။

တံတားဆောက်ခြင်း၊ လမ်းဖောက်ခြင်း၏ အကျိုးကျေးဇူးကို

ဆယ်စုနှစ်ကာလအတွင်း လျင်မြန်စွာ ခေတ်မီဖွံ့ဖြိုးခြင်းဖြင့် သိသာမြင်သာသည်။ ကားလမ်းများ ပေါက်လာအောင် တပ်မတော်၊ ပြည်သူနှင့် အစိုးရတို့သည် ညီညာစွာ အားခဲတည်ဆောက်ခဲ့ကြရပါသည်။ ချွေးသံရွှဲရွှဲ ဖြင့် အဆင်းရဲအပင်ပန်းခံပြီး ဖောက်လုပ်ခဲ့ကြရသည်။ မည်သည့် ပြင်ကအကူအညီ အထောက် အပံ့မှ မရခဲ့။ မယူခဲ့ချေ။ စက်ယန္တရားကြီးများ၏ ခွန်အားမျိုးလည်း မသုံးနိုင်ခဲ့ကြသေးပေ။ ရိုးသားမှု နှင့် ကြိုးစားမှုကို အရင်းတည်လျက် ချွေးစက်များဖြင့်သာ မိမိတို့ ခက်ခဲစွာ တည်ဆောက်ခဲ့ကြရ ခြင်း ဖြစ်သည်။

***

အိပ်မက်ကတကယ်

နောင်လာနောက်သား ကောင်းစားပါစေဟူသော ဖြူစင်သည့် စေတနာဖြင့် အနစ်နာခံခဲ့ကြ သည်။ အိပ်မက်တံတားကြီးများသည် ချောင်းတွေမြောင်းတွေ မြစ်ကြီးတွေကို ဖြတ်ကျော်ပြီး ခရီး တွင်ကျယ်အောင် အလျှိုလျှို ပေါ်ပေါက်လာခဲ့သည်။ ဟသ်ာတ-ရန်ကုန်၊ ပုသိမ်-ရန်ကုန်၊ မြောင်းမြ-ရန်ကုန်၊ ဝါးခယ်မ-ရန်ကုန်၊ ဖျာပုံ-ရန်ကုန်၊ မအူပင်-ရန်ကုန် နေ့ချင်းပြန် ကားများဖြင့် သွားလာမှု တွေ လက်တွေ့လွယ်ကူ အဆင်ပြေနေပုံမှာ ရှေးလူကြီးများ၏ အိပ်မက်စိတ်ကူးများပင် ဖြစ်ပေ သည်။

နိုးကြားစွာ၊ ရိုးသားစွာ ကြိုးစားလျှင် အိပ်မက်များသည်လည်း အကောင်အထည်ဖော်လာ ကြပါတား။

***